http://www.dhammadownload.com
တစ်လတစ်ကြိမ်ထုတ်ဝေပါသည်။

မကောင်းမှုကိုရှောင် ကောင်းမှုကိုဆောင် ဖြူအောင်စိတ်ကိုထား အဲဒါ ဗုဒ္ဓဘုရားရှင်ရဲ့ဆုံးမစကား

ပန်းချီ ဇော်ဂျီ စီစဉ်ရေးဆွဲသည့်

ရွှေမောင်

ဓမ္မ ရသ သုတ ရုပ်စုံ မဂ္ဂဇင်း

ဆေးရောင်စုံရုပ်ပြ

No.26 November , 2013

Shwe Moung Colourful Mini Comic

www.facebook.com/ShweMoungComic

ဗုဒ္ဓသာသနာတော်နှစ် ၂၅၅၇
မြန်မာသက္ကရာဇ် ၁၃၇၅ ခုနှစ် သီတင်းကျွတ်လ/တန်ဆောင်မုန်းလ

တံ တံ၌ အတိုး တူသည်

လူတွေမှာကိုယ်ကျင့်တရားဟာ အရေးအကြီးဆုံးပဲ။ လူတွေမှမဟုတ်ဘူး၊ တို့ဘုန်းကြီးတွေလည်း အရေးကြီးတာပဲ။ သတ္တဝါတွေက ကိုယ်ကျင့်တရားကို တယ်ပြီးတန်ဖိုးမထားချင်ကြဘူး။ မလစ်နဲ့။ လစ်ရင်ခိုးမယ်။ သောက်မယ်၊ စားမယ်၊ ဒီလိုယုတ်မာတဲ့စိတ်တွေက တယ်များကြတာပဲ။ ဒါတွေကြီးစိုးနေသမျှ လူမျိုးလည်းမကောင်းဘူး။ တိုင်းပြည်လည်း မကောင်းဘူး။ ဘုန်းကြီးများဘက်ကကြည့်ရင်လည်း သာသနာလည်း မကောင်းဘူး။

ဒါကြောင့်--လူကလည်း "လူသီလ" လုံအောင်ထိန်းလို့--
ဘုန်းကြီးတွေကလည်း "ရဟန်းသီလ" လုံခြုံအောင်ထိန်းလို့ဆိုရင်--
ခုဘဝ နောက်ဘဝ နှစ်ဘက် ကောင်းကောင်းရတယ်။

မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ၏ နံနက်ခင်းဩဝါဒများ--မှ



ပိစိကျွဲ နှင့် ဘုတ်အိမ

ပါဝင်သည်


http://www.dhammadownload.com


အဝေးပြေးအမြန်လမ်းမကြီးပေါ်တွင်
အဝေးပြေးကားကြီး တရိပ်ရိပ်
မောင်းနေ၏။

ပတ်ဝန်းကျင်တွင် မြင်တွေ့နေရသမျှ ရွာခင်းများက
"ဘုတ်အိမ"နှင့် "ပိစိကွေး"တို့ မောင်နှမအတွက်
အသစ်အဆန်းများလိုဖြစ်နေ၍ သူတို့မောင်နှမ
မေးလာသမျှကို "လေးလေးဝ"က စိတ်ရှည်လက်ရှည်
ဖြေပေးနေရလေသည်။

လေးလေးဝ--ဟို--နားက
လယ်ကွင်းထဲမှာ--ပုံထားတာတွေက
ဘာတွေလဲ--ဟင်


အဲဒါ--ကောက်ရိုးပုံ လေကွာ
သားတို့ စားနေတဲ့ ထမင်းကို ဟောဒီလယ်ကွင်းမှာ
စိုက်တဲ့ စပါးပင် ကရတာမဟုတ်လား--အဲဒီစပါးစေ့တွေ
ခြွေပြီးတော့ကျန်တဲ့ ကောက်ရိုးတွေကိုပုံထားတာ






အဲဒီကောက်ရိုးကို ကျွဲနွား တိရစ္ဆာန်တွေကျွေးဖို့
မြေဩဇာအဖြစ်ပြန်သုံးဖို့၊ လောင်စာအဖြစ်သုံးဖို့
အခုလိုပုံထားကြတာလေ--


ဟာ--ဟိုးမှာ--
ဘာငှက်တွေလဲ--ဟင်
ကောင်းကင်မှာပျံနေတာ
အုပ်လိုက်ကြီးနော်



အဲဒါ--စာကလေးတွေလေ
အဲဒီငှက်အုပ်တစ်အုပ်လောက်--လယ်ကွင်းထဲကို
ဆင်းလိုက်တာနဲ့--အဲဒီလယ်ကွင်းထဲကစပါးတွေ
ကုန်ပြီသာမှတ်ပေတော့

ဒါကြောင့်--အဲဒီငှက်တွေ
ဆင်းမလာရအောင်--လယ်ကွင်းထဲမှာ--လူရုပ်နေသလိုမျိုး
ကောက်ရိုးတွေနဲ့ အရုပ်လုပ်ထားတာတွေလား--အဲဒါကို
"စာခြောက်ရုပ်"လို့ခေါ်တာပေါ့








ဟီဟီ--
"စာခြောက်ရုပ်"တဲ့--မမ "ဘုတ်"ရေ
မိုက်တယ်နော်--

Cyan Magenta Yellow Black

http://www.dhammadownload.com







"သူတော်ကောင်း"တို့ရှိအပ်တဲ့
အရည်အချင်းခုနစ်မျိုးက--

၁။ သဒ္ဓါ (ကံ --ကံ ရဲ့အကျိုး ကို ယုံကြည်ခြင်း)
၂။ သီလ(ကိုယ်ကျင့်သီလကို စောင့်ထိန်းနိုင်ခြင်း)
၃။ သုတ(ဗုဒ္ဓ ဟောကြားတဲ့ တရားတော်များနဲ့
ပတ်သက်ပြီး အကြားအမြင်ဗဟုသုတများခြင်း)
၄။ စာဂ(ပေးကမ်းစွန့်ကြဲခြင်း)
၅။ ပညာ(ပရိယတ္တိ၊ပတိပတ္တိ စတဲ့ ပညာရပ်များကို
တတ်သိနားလည်ခြင်း)
၆။ ဟီရိ(မကောင်းမှုပြုရမှာကိုရှက်ခြင်း)
၇။ ဩတ္တပ္ပ(မကောင်းမှုပြုရမှာကိုကြောက်ခြင်း)
တို့ပဲဖြစ်တယ်

http://www.dhammadownload.com

အဲဒီမှာ--နံပါတ်(၁)အရည်အချင်းဖြစ်တဲ့
သဒ္ဓါ--(သတ်ဒါ)ဆိုတာ--"ယုံကြည်မှု"ကိုပြောတာ
ဘာကိုယုံကြည်တာလဲဆိုရင်--ဘုရား--တရား--သံဃာ အပေါ်
အကြွင်းမဲ့ယုံကြည်တာ--ပြီးတော့ ကံ--"ကံ၏အကျိုး"
ဆိုတာကို အကြွင်းမဲ့ယုံကြည်တာ

ဘုရား--တရား--သံဃာတွေရဲ့
ဂုဏ်တော်တွေနဲ့ပတ်သက်လို့--(ရွှေမောင်း--အမှတ်စဉ် ၁၃)
ရှင်းပြပြီးသားဆိုတော့ ထပ်မပြောတော့ဘူး--ကံ--ကံ၏အကျိုး ဆိုတာ
ကိုပဲ ရှင်းပြမယ်--နော်

"ကံ"လို့ ပြောပြောနေကြတဲ့
မြန်မာစကားက ပါဠိဘာသာလို"ကမ္မ"ကနေလာတာ
အဓိပ္ပါယ်က"ပြုလုပ်ခြင်း"ပေါ့--ဒီတော့ မကောင်းမှုပြုလုပ်ရင်
"မကောင်းမှုကံ"၊ကောင်းမှုပြုလုပ်ရင်"ကောင်းမှုကံ"
လို့ မှတ်ထားကြနော်--

ကိုယ်ထိလက်ရောက်ပြုတဲ့အမှုကို
"ကာယကံ"--နှုတ်နဲ့ပြောဆိုတဲ့ပြုလုပ်မှုကို"ဝစီကံ"
စိတ်နဲ့ ပြုတဲ့အမှုကို"မနောကံ"ဆိုတာ--ငါ့တူတို့သိပြီးသားပါ--
ဒုစရိုက်(၁၀)ပါး ပြောပြတုန်းကပြောပြီးသား--ဆိုတော့
ထပ်မပြောတော့--ဘူးနော်--



တို့မြန်မာစကားမှာ
"ကံတူအကျိုးပေး"ဆိုတာရှိတယ်မဟုတ်လား
အဲဒါ--အတိတ်ဘဝတွေက ကိုယ်ပြုလုပ်တဲ့ အလုပ်က ကောင်းတာပြုခဲ့ရင်
အခုဘဝမှာ--ကောင်းတာတွေခံစားရမယ်--မကောင်းတာပြုခဲ့ရင်
မကောင်းတာတွေခံရမယ်--လို့ ဗုဒ္ဓဘုရားရှင်က
ဟောကြားတော်မူခဲ့တာပေါ့

ဒါနဲ့ပတ်သက်ပြီး--
ဂေါတမဗုဒ္ဓ မြတ်စွာဘုရားရှင်ရှိစဉ်အခါတုန်းက
"သုဘ"ဆိုတဲ့ လူငယ်တစ်ဦးရဲ့အမေးတွေကို ဘုရားရှင်
ရှင်းလင်းဖြေကြားတော်မူခဲ့တယ်--

ဘာတွေမေးတာလဲ--ဟင်
လေးလေးဝ--

http://www.dhammadownload.com





http://www.dhammadownload.com



Cyan Magenta Yellow Black

http://www.dhammadownload.com





http://www.dhammadownload.com

အရှင်ဘုရား--အချို့လူတွေက
အခွေအရံ တွေနည်းပါးပြီး ကိုယ့်ရဲ့ အစေအပါးအလုပ်သမားတွေရဲ့
အပေါ်မှာ--ပြောဆိုဆုံးမလို့မရတဲ့သူ(သြဇာမရှိသူ)
ဖြစ်နေတာကိုတွေ့ရပါတယ်ဘုရား--

အချို့လူတွေကတော့--
အခွေအရံ တွေများပြီး ကိုယ့်ရဲ့ အစေအပါးအလုပ်သမားတွေရဲ့
အပေါ်မှာ--ပြောဆိုဆုံးမတဲ့အခါ--ရိုရိုသေသေလိုက်နာတတ်ကြတာကို
(သြဇာရှိသူ)တွေ့ရပါတယ်ဘုရား--


ဘယ်လိုကြောင့်--လူချင်းတူပေမယ့်
ဒီလိုကွဲပြားခြားနားနေသလဲဆိုတာ--သိချင်
ပါတယ်--ဘုရား

ဒကာလေး"သုဘ"
အချို့သောလူတွေဟာ--သူတစ်ပါးအပေါ်"မနာလိုစိတ်"
(ကျွဿာ)အလွန်အားကြီးကြတယ်--သူတစ်ပါး ကြီးပွားချမ်းသာတာကို
မြင်ရကြားရရင် စိတ်ထဲမှာအလိုလိုမကျေနပ်ဖြစ်နေတတ်တဲ့သူတွေပေါ့--
အဲဒီလူတွေဟာလည်း---ဒီဘဝက သေလွန်တဲ့အခါ--ငရဲ ကျတတ်တယ်
ငရဲ မကျရင်တောင်--လူဘဝကိုပြန်ရရင်--အခွေအရံနည်းပါးပြီး
သြဇာမရှိသူ ဖြစ်ရတယ်--


အဲဒီဟာမ--
ဝတ်ထားတာတွေ
အတုတွေပဲဖြစ်
လိမ့်မယ်

သူကအခုမှ
ဝတ်ဖူးတာပါတော့
ကျုပ်တို့--ဝတ်ခဲ့
ပြီးပါပြီ


ငါ့ကိုဘယ်သူမှလည်း
အဖက်မလုပ်ချင်ကြပါလား--
ငါ့စကားကိုလည်း--ဘယ်သူမှ
နားမထောင်ကြဘူး--
ဒုက္ခပါပဲ--နော်



http://www.dhammadownload.com



http://www.dhammadownload.com





Cyan Magenta Yellow Black


http://www.dhammadownload.com



http://www.dhammadownload.com









၁။ သူများအသက် သတ်သည့်တွက် အသက် ကိုယ့်မှာတို့။
၂။ မသတ်ရှောင်ရှား ထိုသူများ ရှည်လျား အသက်ကို။
၃။ နှိပ်စက်ကလူ ညှင်းဆဲသူ ပြောထူ ရောဂါဆို။
၄။ သနားစိတ်သွင်း မနှိမ်နင်း ကင်းရှင်းရောဂါကို။
၅။ ထန်ပြင်းဒေါသ ကြီးတတ်က အလှပျက်မည်ဆို။
၆။ ဒေါသကင်းစင် မေတ္တာယှဉ် ကြည်လင် လှသကို။
၇။ မနာလိုပြန် ကျသာထန် ခြံရံကင်းမည်ဆို။
၈။ ကျသာ မထား ဝမ်းမြောက်ငြား ပေါများခြွေရံကို။
၉။ မလှူမဒါန်း မပေးကမ်း ခြောက်ခမ်းဥစ္စာဆို။
၁၀။ စွန့်ကြဲလေတုံ့ ပြုပါကုန် ကုံလုံကြွယ်ဝလို။
၁၁။ မာန်မာနကြွယ် ထိုသူဝယ် မျိုးနှယ်ညံ့မည်ဆို။
၁၂။ ထိုက်သူရိကျိုး မာန်ကိုချိုး အမျိုးမြတ်သကို။
၁၃။ သိဖွယ်ဟူသမျှ မမေးက ဖျင်းအ ပညာဆို။
၁၄။ ကြားမြင်များအောင် မေးလေ့ဆောင် ခုနောင် တတ်သိလို။


http://www.dhammadownload.com




http://www.dhammadownload.com











http://www.dhammadownload.com




http://www.dhammadownload.com



Cyan Magenta Yellow Black

http://www.dhammadownload.com




http://www.dhammadownload.com





http://www.dhammadownload.com




http://www.dhammadownload.com








http://www.dhammadownload.com





http://www.dhammadownload.com



http://www.dhammadownload.com



သူတော်ကောင်းဓာတ် တရားမြတ်
လွှမ်းပတ်ကမ္ဘာတည်ပါစေ

ပန်းချီ
ရဲဘန်

ဖုန်း ၀၉၅၀၆၀၁၀၇ ။ ၀၉ ၇၃၀၅၄၅၉
G mail: yemarn.sm@gmail.com
www.facebook.com/ShweMoungComic
e mail: www.shwemoung.com

http://www.dhammadownload.com

No.1 to 12 VOLUME 1




ရွှေမောင်း ဓမ္မရသ သုတရုပ်စုံ ၁၂ အုပ် ပေါင်းချုပ်(ပထမတွဲ)တွင်--ပါဝင်သော စာအုပ်များ

အမှတ်စဉ် (၁) "ဩကာသ--ဟူသည်"
အမှတ်စဉ် (၂) "ဇရဲ--ဟူသည်"
အမှတ်စဉ် (၃) "ပြိတ္တာ--ဟူသည်"
အမှတ်စဉ် (၄) "ကာယဒုစရိုက်--ဟူသည်"
အမှတ်စဉ် (၅) "ဝစီဒုစရိုက်--ဟူသည်"
အမှတ်စဉ် (၆) "မနောဒုစရိုက်--ဟူသည်"
အမှတ်စဉ် (၇) "ကောသလမင်းကြီး၏အိပ်မက်(၁၆)ချက်"
အမှတ်စဉ် (၈) "နှစ်ကျိပ်ရှစ်ဆူ--ဟူသည်"(ပ)
အမှတ်စဉ် (၉) "နှစ်ကျိပ်ရှစ်ဆူ--ဟူသည်"(ဒု)
အမှတ်စဉ် (၁၀) "နတ်ပြည်(၆)ထပ်--ဟူသည်"
အမှတ်စဉ် (၁၁) "ခင်ပွန်းကြီး(၁၀)ပါး--ဟူသည်"
အမှတ်စဉ် (၁၂) "ငါးပါးသီလ--ဟူသည်"

တန်ဖိုး ၆၅၀၀ ကျပ်

No.13 to 24 VOLUME 2



ရွှေမောင်း ဓမ္မရသ သုတရုပ်စုံ ၁၂ အုပ် ပေါင်းချုပ်(ဒုတိယတွဲ)တွင်--ပါဝင်သော စာအုပ်များ

အမှတ်စဉ် (၁၃) "ရတနာသုံးပါးဂုဏ်တော်များ"
အမှတ်စဉ် (၁၄) "အောင်ခြင်းရှစ်ပါး"(ပထမပိုင်း)
အမှတ်စဉ် (၁၅) "အောင်ခြင်းရှစ်ပါး"(ဒုတိယပိုင်း)
အမှတ်စဉ် (၁၆) "ကထိန်--ဟူသည်"
အမှတ်စဉ် (၁၇) "ဘေးဆိုးကင်းလွတ် ပဋ္ဌာန်းရွတ်"
အမှတ်စဉ် (၁၈) "စေတီ--ဟူသည်"
အမှတ်စဉ် (၁၉) "ဒါန--ဟူသည်"
အမှတ်စဉ် (၂၀) "မိဘကျေးဇူး--ဟူသည်"
အမှတ်စဉ် (၂၁) "ရှင်သာမဏေ--ဟူသည်"
အမှတ်စဉ် (၂၂) "ဥပုသ်သီလ--ဟူသည်"
အမှတ်စဉ် (၂၃) "ဗြဟ္မစိုရ်တရား(၄)ပါး--ဟူသည်"
အမှတ်စဉ် (၂၄) "ဟိရိ--ဩတ္တပ္ပ--ဟူသည်"


"ရွှေမောင်း" ဓမ္မရသသုတ ရုပ်စုံ ပေါင်းချုပ်စာအုပ်များကိုအလိုရှိပါက အလိုတော်ပြည့်စာပေ သို့ တိုက်ရိုက်မှာယူနိုင်ပါသည်။
တစ်အုပ်လျှင်(၆၅၀၀ ကျပ်)ဖြင့် (ရန်ကုန်မြို့အတွင်း)အိမ်အရောက် ပို့ဆောင်ပေးပါမည်။

"ရွှေမောင်း" ဓမ္မရသသုတ ရုပ်စုံ အမှတ်စဉ်အားလုံး ကို ဝယ်ယူရရှိနိုင်သည့်နေရာများ။
ဓမ္မရောင်ခြည်ဓမ္မဒါနလုပ်ငန်း စာအုပ်အရောင်းဆိုင်(ပင်မ)သိမ်ကြီးစျေး(စီရံ)
ပထမထပ်၊ အဆောင်(၄)၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့။
ဓမ္မရောင်ခြည်ဓမ္မဒါနလုပ်ငန်း စာအုပ်အရောင်းဆိုင်၊ အမှတ်(၂၂)အခန်း(၃)
ဘဏ်လမ်း၊ ပင်စင်ဦးစီးဌာနရှေ့၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
မင်္ဂလာဗျူဟာအသင်း စာအုပ်အရောင်းကောင်တာ၊ အာဇာနည်လမ်း၊
(ရွှေတိဂုံဘုရား အရှေ့မုခ် နှင့် မြောက်ဘက်မုခ်ကြား)ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ရှင်သာမဏေဗိမာန်၊ စာအုပ်အရောင်းကောင်တာ အာဇာနည်လမ်း၊
(ရွှေတိဂုံဘုရား အရှေ့မုခ် နှင့် မြောက်ဘက်မုခ်ကြား)ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
TAB စာအုပ်အရောင်းဆိုင်၊ တော်ဝင်စင်တာ၊ ပြည်လမ်း၊ ရန်ကုန်မြို့။
CAPITAL HYPER MARKET၊ စာအုပ်အရောင်းစင်တာ၊ ရန်ကုန်/နေပြည်တော်။

ရွှေမောင်း အမှတ်စဉ် (၂၅)
မနာလို-ဝန်တို-ဟူသည်



ရွှေမောင်း အမှတ်စဉ် (၂၆)
က်-ကံ၏အကျိုး ဟူသည်



ရွှေလ
ရွှေမောင်း အမှတ်စဉ် (၂၇)
ကုသိုလ်လည်းရ
ဝမ်းလည်းဝ

၁၂ လစာ(၁၂-အုပ်)အတွက် ၆၀၀၀ ကျပ် ကြိုတင်ငွေသွင်း မှာယူနိုင်ပါသည်

လပေး မှာယူလိုသူများ အတွက် ဖော်ပြပါနှုန်းအတိုင်း ငွေကြိုသွင်းစနစ်ဖြင့်မှာယူပါက
(ရန်ကုန်မြို့တွင်းသာ) အိမ်အရောက် ငွေကောက်ခံ၍ လစဉ် ပို့ပေးပါမည်။
စာပို့ခများ ဈေးနှုန်းကြီးမြင့်လာမှုကြောင့် နယ်/ရပ်ဝေးသို့ လပေး(စရိတ်ငြိမ်း)မပို့ပေးနိုင်သည့်
အတွက် အနှုံးအညွှတ်တောင်းပန်အပ်ပါသည်။

အမှတ်စဉ်(၁)မှ ယခုလထုတ်အထိ မှာယူပါက (ရန်ကုန်မြို့တွင်း)
အိမ်အရောက်ပို့ပေးနေပါပြီ။
နယ်မှမှာယူပါက စာအုပ်ဖိုး ကို ဘဏ်ငွေလွှဲစနစ်ဖြင့် ပို့ပေးရမည်ဖြစ်ပြီး
ကားဂိတ် အရောက်ပို့ပေးပါမည်။ ပို့ဆောင်ခကို မိမိတို့မြို့ရှိ ဆိုင်ရာဂိတ်တွင်
ပေးချေရပါမည်။

"ရွှေမောင်း" ဓမ္မရသသုတ ရုပ်စုံ ကို စာသင်ကျောင်းများ၊ ဘာသာရေးအသင်းအဖွဲများ၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ မှ အလိုရှိပါလျှင် အထူးနှုန်းဖြင့်
ဈေးနှုန်းလျှော့ကာ ရောင်းချပေးလျက်ရှိပါသည်။ စောင်ရေ(၁၀၀)နှင့် အထက် "ဓမ္မဒါန ပြုလိုသူများအတွက် အလှူရှင်အမည် ကို ထည့်သွင်းပုံနှိပ်ပေးမည်ဖြစ်ပြီး
(ရန်ကုန်မြို့တွင်း)မှာယူသူများကို အိမ်တိုင်ရာရောက် ပို့ဆောင်ပေးပါမည်။ အနယ်နယ်အရပ်ရပ် မှ မှာယူလိုသူများ စောင်ရေ (၁၀၀) အထက်မှာယူလျှင်
ပို့ဆောင်ခ အပါအဝင် စာအုပ်တန်ဖိုးကို ကြိုတင်ငွေပို့ စနစ်ဖြင့်မှာယူနိုင်ပါသည်။

ငွေကြိုတင်ပို့ခြင်းအတွက် (ယခင်--မွေး/ရေဘဏ်)ကမ္ဘာ့ရတနာဘဏ်(ရွှေဗဟို)တာမွေဘဏ်ခွဲ ။ M.O.B (ပန်းဆိုးတန်းဘဏ်ခွဲ၊ တာမွေ မင်္ဂလာဈေး ဘဏ်ခွဲ) ။
ကမ္ဘောဇဘဏ်(တာမွေ မင်္ဂလာဈေး ဘဏ်ခွဲ-၂) ရိုးမဘဏ်(တာမွေ မင်္ဂလာဈေး ဘဏ်ခွဲ) သို့ "ငွေလွှဲ" ပေးပို့နိုင်ပြီး ငွေလွှဲပေးပို့ခြင်းအား
"အလိုတော်ပြည့်စာပေ" ဦးစိုးပိုင် ၊ မှတ်ပုံတင်အမှတ် ၁၂/တမန(နိုင်)၀၅၇၀၉၇ ။ ဒေါ်မြင့်မေ၊ မှတ်ပုံတင်အမှတ် ၁၂/တမန(နိုင်)၀၄၂၀၅၅ ။
ဖုန်း ၀၉ ၅၀၆၀၁၀၇ ။ ၀၉ ၇၃၀ ၅၄၇၉ ။ ၀၉ ၄၂၀၀၅၆၁၀၄ သို့ ဆက်သွယ်ပေးပို့စေလိုပါသည်။
အထူးသတိပြုရန်မှာ ပေးပို့ရမည့်လိပ်စာ အပြည့်အစုံ၊ ဖုန်းနံပါတ် နှင့် ပေးပို့ရမည့် စာအုပ်အမှတ်စဉ် ကို ဖော်ပြပေးရမည်ဖြစ်ပါသည်။

တန်ဖိုး ၅၀၀ ကျပ်

ပြည်လုံးကျွတ်ဖြန့်ချိရေး(ပင်ရင်း)
အလိုတော်ပြည့် စာပေ

အမှတ်(၂၇)-၅လွှာ၊ ၁၅၆ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၀၆၀၁၀၇ ။ ၀၉ ၇၃၀ ၅၄၇၉ ။

■ ဘဝန်ခံအယ်ဒီတာ ဦးစိုးပိုင်(ခ)ပန်းချီရဲမာန် ■ အယ်ဒီတာအဖွဲ့ ဦးသင်းအုန်း ၊ ဦးဝင်းကျော်(စိန္တာမယ) ■ ပန်းချီအယ်ဒီတာ ပန်းချီရဲမာန် ■ ပန်းချီ(တွဲဘက်)အယ်ဒီတာ ကာတွန်းဝင်းဇေ(အရောက်)
■ ထုတ်ဝေသူ ဦးစိုးပိုင်၊ ၀၉၅၉၇ ၊ ■ အတွင်း နှင့် မျက်နှာပုံး ပုံနှိပ်သူ ဦးဟောင်ဟောင်နိုင်(၀၁၄၀)မဏ္ဍာပိုပုံနှိပ်တိုက် ■ ၂၁၁၃ ၊ နိဝင်္ဘာလ ပထမအကြိမ် ၊ အုပ်ရေ(၅၀၀) ၊ တန်ဖိုး (၅၀၀)ကျပ်